FREE EXPRESSION MYANMAR လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ

# အများပြည်သူဝန်ဆောင်မှုမီဒီယာ ဥပဒေကြမ်း

အများပြည်သူဝန်ဆောင်မှုမီဒီယာ ဥပဒေကြမ်း

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ။)

၁၃၇၅ ခုနှစ်၊ လ ရက်

(၂၀၁၃ ခုနှစ်၊ လ ရက်)

နိဒါန်း

အများပြည်သူတို့၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအကျိုးစီးပွားများကို ဖော်ဆောင်မြှင့်တင်ပေးနိုင်ရန် အတွက် လည်းကောင်း၊ နိုင်ငံပိုင်မီဒီယာများကို လွတ်လပ်ပြီး အနှောင်အဖွဲ့ကင်းလွတ်သောအများပြည်သူ ဝန်ဆောင်မှုမီဒီယာ လုပ်ငန်းများအဖြစ် ပြောင်းလဲနိုင်ရန်အတွက် လည်းကောင်း ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အများပြည်သူဝန်ဆောင်မှုဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဥပဒေတွင်ပါရှိသော စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) အများပြည်သူဝန်ဆောင်မှု မီဒီယာဆိုသည်မှာ အခန်း(၂)တွင်ဖော်ပြထားသည့် အများပြည်သူ ဝန်ဆောင်မှု မီဒီယာဆိုင်ရာ အခြေခံမူများအား လိုက်နာဖော်ဆောင်ရန်အတွက် နိုင်ငံတော်ပိုင် မီဒီယာများကို ပြောင်းလဲဖွဲ့စည်းထားသော အများပြည်သူ ဝန်ဆောင်မှုသတင်းစာလုပ်ငန်းနှင့် အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ် သံလွှင့်လုပ်ငန်းတို့ကို ဆိုသည်။

(ခ) ကောင်စီဆိုသည်မှာ အများပြည်သူ ဝန်ဆောင်မှုမီဒီယာနှင့် စီးပွားဖြစ်မဟုတ်သည့် မီဒီယာတို့ကို နည်းပညာဆိုင်ရာ အကြံဥာဏ်နှင့် အကူအညီ ပေးရန်အတွက် ဤဥပဒေအရ ဖွဲ့စည်းထားသည့် လွတ်လပ်ပြီး အနှောင်အဖွဲ့ကင်းလွတ်သော အများပြည်သူဝန်ဆောင်မှု မီဒီယာကောင်စီကို ဆိုသည်။

(ဂ) အများပြည်ဝန်ဆောင်မှုသတင်းစာလုပ်ငန်း ဆိုသည်မှာ ဤဥပဒေအခန်း(၂)တွင် ဖော်ပြထားသည့် အများပြည်သူဝန်ဆောင်မှု မီဒီယာဆိုင်ရာ အခြေခံမူများကို ဖော်ဆောင်ရန် အများပြည်သူ ဝန်ဆောင်မှု သတင်းစာလုပ်ငန်းအဖြစ် ပြောင်းလဲထားသာည့် နိုင်ငံတော်ပိုင် နေ့စဉ်ထုတ် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့ကို ဆိုသည်။

(ဃ) အများပြည်သူဝန်ဆောင်မှု ရေဒီယို ရုပ်သံ လွှင့် လုပ်ငန်း ဆိုသည်မှာ ဥပဒေအခန်း(၂)တွင် ဖော်ပြထားသည့် အများပြည်သူ ဝန်ဆောင်မှုမီဒီယာ ဆိုင်ရာ အခြေခံမူများကို ဖော်ဆောင်ရန် အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံ လွှင့် လုပ်ငန်း အဖြစ် ပြောင်းလဲထားသည့် နိုင်ငံတော်ပိုင် မြန်မာ့ အသံနှင့် ရုပ်မြင်သံကြားကို ဆိုသည်။

(င) စီးပွားဖြစ်မဟုတ်သည့် မီဒီယာဆိုသည်မှာ သက်ဆိုင်ရာအဖွဲ့ကအစည်း သို့မဟုတ် လူမှုအသိုက်အဝန်းအတွက် လိုအက်သော သတင်းအချက်အလက်များကို ဖြန့်ဝေပေးရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သည့်အဖွဲ့အစည်းများ၊ ပညာရေးအဖွဲ့ အစည်းများနှင့် အခြားကဏ္ဍဆိုင်ရာ အဖွဲ့ကအစည်းများက ဖွဲ့စည်းတည်ထောင်ပြီး စီမံခန့်ခွဲအုပ်ချုပ်နေသော အကျိုးအမြတ်အား ရှေးရှုခြင်းမရှိသည့် ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်း သို့မဟုတ် ရေဒီယိုရုပ်သံ ထုတ်လွှင့်ခြင်းကို ဆိုသည်။

(စ) လွှတ်တော်ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်ကို ဆိုသည်။

(ဆ) ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြန်ကြားရေးဝန်ကြီးဌာနကို ဆိုသည်။

(ဇ) အုပ်ချုပ်ရေးအဖွဲ့ဆိုသည်မှာ အများပြည်သူ ဝန်ဆောင်မှု မီဒီယာလုပ်ငန်းများကို အနီးကပ် ကြီးကြပ်ခြင်း၊လမ်းညွှန်ခြင်းနှင့် ဆွေးနွေးအကြံပေး ခြင်းတို့ကိုဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် သက်

FREE EXPRESSION MYANMAR လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ

ဆိုင်ရာ အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်းအုပ် ချုပ်ရေးအဖွဲ့ သို့မဟုတ် အများပြည်သူဝန်ဆောင်မှု ရေဒီယို ရုပ်သံလွှင့်လုပ်ငန်းအုပ်ချုပ်ရေးအဖွဲ့ကိုဆိုသည်။

(ဈ) ကြော်ငြာဆိုသည်မှာ အခကြေးငွေ သို့မဟုတ် အလားတူ ထောက်ပံ့မှုဖြင့် ကြော်ငြာသူအတွက် သတင်းစာရှိနေရာ သို့မဟုတ် ထုတ်လွှင့်မှုအချိန်ပေးထားပြီး ဝန်ဆောင်မှုနှင့် ကုန်ပစ္စည်းများ ငှားရမ်းခြင်း၊ ဝယ်ယူခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ အသိဉာဏ်တိုးပွားစေခြင်း သို့မဟုတ် ကြော်ငြာသူ၏ ဆန္ဒအလျောက် အခြားသော အကျိုးသက်ရောက်မှုတို့ဖြစ်စေမည့် ပြည်သူထံသို့ ဖော်ပြထုတ်လွှင့်ချက်ကို ဆိုသည်။

(ည) ထုတ်လွှင့်မှုအစီအစဉ်ဆိုသည်မှာ ရည်မှန်း ပရိတ်သတ်ထံသို့ အချိန်ကန့်သတ်ချက်နှင့် ထုတ်လွှင့်တင်ဆက်မည့်ကြော်ငြာနှင့် ကဏ္ဍပေါင်းစုံ ပါဝင်သော အစီအစဉ်ကို ဆိုသည်။

(ဋ) ကူညီပံ့ပိုးမှုဆိုသည်မှာ ပုံနှိပ်ထုတ်ဝေခြင်းနှင့် ရေဒီယိုရုပ်မြင်သံကြားထုတ်လွှင့်ခြင်းကိစ္စများတွင် ကူညီပံ့ပိုးသူ၏ ဂုဏ်သတင်း၊ ကုန်အမှတ်တံဆိပ်နှင့် ကုန်ပစ္စည်းအမည်ကို မြှင့်တင်ရန်အတွက် အစီစဉ်အားတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ငွေကြေးပံ့ပိုးခြင်းကိုသော်လည်းကောင်း၊ လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်း၏ ကိုယ်တိုင်ဖြစ်စေ၊ မဟုတ်ဘဲဖြစ်စေ ပါဝင်ကူညီခြင်းကို သော်လည်းကောင်း ဆိုသည်။

(ဌ) ကျင့်ဝတ်နှင့်စည်းကမ်းဆိုသည်မှာ သတင်း ပညာဆိုင်ရာ လုပ်ငန်းလုပ်မှုများတွင် လမ်းညွှန်ချက်နှင့် စံနှုန်းများအား အသုံးချနိုင်ရန်အတွက် သက်ဆိုင်ရာ အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်းနှင့် အများပြည်သူဝန်ဆောင်မှု ရေဒီယို ရုပ်သံလွှင့် လုပ်ငန်းတို့၏ အုပ်ချုပ်ရေးအဖွဲ့အသီးသီးတို့မှ ပြဋ္ဌာန်းထားသည့် ကျင့်ဝတ်နှင့် စည်းမျဉ်းများကို ဆိုသည်။

## အခန်း(၂)

## အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ အခြေခံမူများ

၃။ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာအခြေခံ မူများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လွတ်လပ်စွာထုတ်ဖော်ရေးသားခွင့်နှင့် လွတ်လပ်စွာ သတင်းပေးခွင့်တို့ကို ကျင့်သုံးပိုင်ခွင့်ရှိသည်။

(ခ) တိုင်းရင်းသားလူမျိုးစု၊ ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲပြားမှု၊ နေရာဒေသဝေးလံခေါင်ဖျားမှုနှင့် လူတစ်ဦးချင်း စီ၏ မသန်စွမ်းမှုတို့ကို ထည့်သွင်းစဉ်းစားကာ အများ ပြည်သူ အား ဝန်ဆောင်မှု၊ ဖျော်ဖြေမှု၊ အသိဉာဏ်ပညာနှင့် သတင်း အချက်အလက်ပေးမည့် အစီအစဉ်များကို ပြည့်စုံစွာ ဖော်ပြ ခွင့်ရှိသည်။

(ဂ) ပုဂ္ဂလိက မီဒီယာများမှ အများပြည်သူအကျိုးငှာ ဖော်ပြနိုင်ခြင်းမရှိသည့် အစီအစဉ်များအား ဖြည့်စွက်ပေးခြင်း၊ ပြည်သူလူထု၏ လိုအပ်ချက်နှင့် ရှုထောင့်အမျိုးမျိုးတို့ကို ဖော်ပြပေးခြင်း စသည့် အရည်အသွေးပြည့်မီသောဆန်းသစ်သည့် အစီအစဉ်များကို ဖော်ပြခွင့်ရှိသည်။

(ဃ) ဝန်ဆောင်မှုကို အဓိကထားပြီး အကျိုးအမြတ်မကြည့်သည့် မီဒီယာဖြစ်သော်လည်း ရေရှည်ရပ်တည် လုပ်ကိုင်နိုင်ရန်အတွက်သတ်မှတ်သည့် ဝင်ငွေရရှိရန် လိုအပ်သည်။

၄။ အခြေခံမူကို အကောင်အထည်ဖော်ရာတွင် အများပြည်သူဝန်ဆောင်မှု မီဒီယာသည် အောက်ပါအတိုင်း လိုက်နာရမည်-

(က) အယ်ဒီတာလုပ်ငန်းဆိုင်ရာ ဂုဏ်သိက္ခာကို အလေးအနက်စဉ်းစားပြီး နိုင်ငံရေး၊အုပ်ချုပ်ရေးနှင့် စီးပွားရေးဆိုင်ရာ ချုပ်ကိုင်မှုများမှကင်းလွတ် ခြင်း။

(ခ) ပြည့်စုံကျယ်ပြန့်၍ ဘက်လိုက်မှုအရှိသော တရားမျှတသည့် သတင်းများ၊ အများ ပြည်သူအတွက် အကျိုးရှိနိုင်မည့် ပြည်တွင်း၊ ဒေသတွင်း

နှင့် အပြည်ပြည်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ထည့်သွင်းခြင်း။

(ဂ) မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံး၏ အတူကွဲပြားသော ယဉ်ကျေးမှုကို ထင်ဟပ်စေလျက် အမျိုးသားစရိုက်လက္ခဏာကို ပေါ်လွင်အောင် ဖော်ပြခြင်း။

(ဃ) တိုင်းရင်းသားလူမျိုးစုများနှင့် လူနည်းစု များအတွက် ၎င်းတို့ဘာသာစကားဖြင့် ဖော်ပြ ထုတ်လွှင့် သည့် အစီအစဉ်များ ပါဝင်ခြင်း။

(င) မတူညီသည့် ပရိသတ်များ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် အထူးအစီအစဉ်များကို အခြားနှစ်သက်ဖွယ် အစီအစဉ်များအကြား မျှတစွာဖော်ပြခြင်း။

(စ) ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေး မဏ္ဍိုင်တို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဆီလျော်ညီညွတ်စွာသတင်းပေးခြင်း။

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတို့၏ အကျိုးစီးပွားနှင့် သက်ဆိုင်သည့် အကြောင်းအရာများ ထည့်သွင်းခြင်း။

(ဇ) အရေးမကြီးသည့်အသိပေးကြေညာချက်များ ကိုပြည်သူများထံသို့မပျက်မကွက်ဖော်ပြပေးခြင်း။

(ဈ) အမျိုးသမီး၊ မသန်စွမ်းသူ၊ သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များအတွက် ရည်ရွယ်သည့် အကြောင်းအရာများကို သင့်လျော် သောအချိန်ကာလ အပိုင်းအခြားအလိုက်ဖော်ပြပေးခြင်း။

(ည) ပြည်တွင်း၌ ထုတ်လုပ်သည့် အစီအစဉ်များကို အားပေးခြင်း။

(ဋ) နိုင်ငံတကာရေးရာနှင့် ပြည်တွင်းရေးရာ အသိအမြင်တိုးပွားစေမည့် အများပြည်သူဆိုင်ရာ ဆွေးနွေးမှုများ ဖော်ပြခြင်း။

## အခန်း(၃)

## အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းထူထောင်ခြင်း ရပိုင်ခွင့်နှင့် တာဝန်များ

၅။ အများပြည်သူဝန်ဆောင်မှုသတင်းစာလုပ်ငန်းသည်-

(က) အကျိုးအမြတ်ကိုရှေးရှုခြင်းမရှိသော အများပြည်သူ ဝန်ဆောင်မှု သတင်းစာ ထုတ်ဝေသည့် အဖွဲ့ အစည်းအဖြစ် နိုင်ငံတစ်ဝန်းလုံးအတွက်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွက် ဖြစ်စေ ဖြန့်ချိပေးရမည်။

(ခ) ဝန်ကြီးဌာနမှ လုပ်ပိုင်ခွင့်ကို လွှဲပြောင်းရယူ ဆောင်ရွက် ခြင်းဖြစ်သော်လည်း လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိရမည်။ ယင်းလွတ်လပ်ခွင့်ကို အစဉ်သဖြင့်လေးစားရမည်။

(ဂ) ဤဥပဒေပါအခြေခံမူများကို လက်ခံဆောင် ရွက်ရန်အတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အခွင့်အာဏာရှိရမည်။ လွှဲပြောင်းရရှိသော ပစ္စည်းဥစ္စာများအား သုံးစွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ရယူခြင်းနှင့်ပတ်သက်၍ ဥပဒေအရ ဆောင်ရွက်ပိုင်ခွင့် အပြည့်အဝရှိရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာန၏ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲတွင် မှတ်ပုံတင် ပေးထားရမည်။

(င) ဤဥပဒေပုဒ်မ ၂၇ ပါနည်းပညာပိုင်းဆိုင်ရာ အကူအညီများနှင့် ဝန်ဆောင်မှုများအား အသုံးချခွင့် ရရှိစေရန်အတွက် ကောင်စီတွင် မှတ်ပုံတင်ရမည်။

(စ) ဤဥပဒေအရ ကောင်စီပေါ်ပေါက်လာချိန်တွင် နိုင်ငံတော်ပိုင်ဖြစ်သည့် ကြေးမုံနှင့် မြန်မာ့အလင်း သတင်းစာတို့၏ အခွင့်အာဏာ လုပ်ငန်း လည်ပတ်မှု၊ အသုံးအဆောင်ပစ္စည်း၊ ရင်းနှီး မြှုပ်နှံမှုများ၊ ငွေစားရင်းများနှင့် အခြားထောက်ပံ့ ပစ္စည်းများကို လွှဲပြောင်းရယူရမည်။

၆။ အများပြည်သူ ဝန်ဆောင်မှုသတင်းစာလုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့သည် ဤဥပဒေအရ လိုအပ်သည့် အခွင့်အာဏာနှင့် တာဝန်များအား ကျင့်သုံး ပြီး ရရှိသောရန်ပုံငွေများ၊ ပိုင်ဆိုင်မှုများ၊ အသုံး အဆောင်ပစ္စည်းများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ငွေစာရင်း များ၊ သဘောတူညီချက်များ၊ စာချုပ်များကို ထိန်းသိမ်းခြင်း၊ ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရမည်။

၇။ အများပြည်သူဝန်ဆောင်မရေဒီယိုရုပ်သံလွှင့် လုပ်ငန်းသည်–

(က) အကျိုးအမြတ်ကို ရှေးရှုခြင်းမရှိသော အများ ပြည်သူ ဝန်ဆောင်မှု ရေဒီယိုရုပ်သံ ထုတ်လွှင့်သည့် အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းတည်ထောင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးအတွက်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် ဖြစ်စေ ထုတ်လွှင့်ရမည်။

(ခ) ဝန်ကြီးဌာနမှလုပ်ပိုင်ခွင့်ကို လွှဲပြောင်း ရယူ ဆောင်ရွက်ခြင်းဖြစ်သောလည်း လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိရမည်။ ယင်းလွတ်လပ်ခွင့်ကို အစဉ်သဖြင့်လေးစားရမည်။

(ဂ) ဤဥပဒေပါအခြေခံမှုများကို လက်ခံဆောင် ရွက်ရန်အတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အခွင့်အာဏာရှိရမည်။ လွှဲပြောင်းရရှိသော ပစ္စည်းဥစ္စာများအား သုံးစွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ရယူခြင်း နှင့် ပတ်သက်၍ ဥပဒေအရဆောင်ရွက်ပိုင်ခွင့် အပြည့်အဝရှိမည်။

(ဃ) ရေဒီယိုနှင့် ရုပ်သံထုတ်လွှင့်ခြင်းကို ဥပဒေနှင့် လိုင်စင် ရယူရမည်။

(င) ဤဥပဒေပုဒ်မ ၂၇ ပါ နည်းပညာပိုင်းဆိုင်ရာ အကသူအညီများနှင့် ဝန်ဆောင်မှုများအား အသုံးချခွင့် ရရှိစေရန်အတွက် ကောင်စီတွင်မှတ်ပုံ တင်ရမည်။

(စ) ဤဥပဒေအရ ကောင်စီပေါ်ပေါက်လာချိန်တွင် နိုင်ငံတော်ပိုင်ဖြစ်သည့်မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ အခွင့်အာဏာ၊ လုပ်ငန်း လည်ပတ်မှု၊ ပိုင်ဆိုင်မှု၊ အသုံးအဆောင်ပစ္စည်း၊ ရင်းနှီး မြှုပ်နှံမှုများ၊ ငွေစာရင်းများ၊ စာချုပ်များနှင့် အခြားထောက်ပံ့ကပစ္စည်းများကို လွှဲပြောင်း ရယူမည်။

၈။ အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့သည် ဤဥပဒေအရ လိုအပ်သည့် အခွင့်အာဏာနှင့် တာဝန်များအား ကျင့်သုံး ပြီး ရရှိသော ရန်ပုံငွေများ၊ ပိုင်ဆိုင်မှုများ၊ အသုံး အဆောင်ပစ္စည်းများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ငွေစာရင်းများ၊ သဘောတူညီချက်များ၊ စာချုပ်များကိုထိန်းသိမ်းခြင်း၊ ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရမည်။ သက်ဆိုင်ရာနိုင်ငံတော်ပိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို လုပ်ငန်းစတင်အကောင်အထည်ဖော်လျှက်ဖော်ခြင်း အများပြည်သူဝန်ဆောင်မှုရေဒီယို ရုပ်သံလွှင့်လုပ်ငန်းအဖြစ် ပြောင်းလဲဖွဲ့စည်းရမည်။

၉။ အများပြည်သူဝန်ဆောင်မှုသတင်းစာလုပ်ငန်းနှင့် အများပြည်သူဝန်ဆောင်မှုရေဒီယို ရုပ်သံလွှင့် လုပ်ငန်းတို့သည်–

(က) မိမိ၏မီဒီယာလုပ်ငန်းကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရှိသည်။

(ခ) မိမိ၏မီဒီယာဖော်ပြချက်ကို သို့မဟုတ် ထုတ်လွှင့်ချက်များကို ကြိုတင်စိစစ်ခံရခြင်း၊ လွတ်လပ်ခွင့်အား ဟန့်တားပိတ်ပင်ခံရခြင်း မရှိစေဟု။

(ဂ) ကိုယ်ပိုင်သတင်းအချက်အလက်နှင့် အယ်ဒီတာ့အာဘော်ကို လွတ်လပ်စွာရေးသား ဖော်ပြ ခွင့်ရှိသည်။

(ဃ) မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ ရရှိခံစားခွင့်ရှိသည်။

၁၀။ အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်းနှင့် အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့် လုပ်ငန်းတို့သည်–

(က) အများပြည်သူ အကျိုးစီးပွားအတွက် ရည်ရွယ်ဆောင်ရွက်ရမည်။

(ခ) အစီအစဉ်များနှင့် အကြောင်းအရာများကို ရွေးချယ်ရာတွင် အများပြည်သူ အကျိုးစီးပွားကို သာရေးရှုရမည်။

(ခ) အစီအစဉ်များနှင့် အကြောင်းအရာများကို ရွေးချယ်ရာတွင် အများပြည်သူ အကျိုးစီးပွားကို သာရေးရှုရမည်။

(ဂ) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းနှင့် အဖွဲ့အစည်းများ၏ လွတ်လပ်ခွင့်နှင့်လုပ်ပိုင်ခွင့်ကို အမြဲတစေ လေးစားလိုက်နာရမည်။

(ဃ) အရည်အသွေးမြင့်မားသော သတင်းအချက်အလက်၊ ဆန်းသစ်သေတီထွင်သော တင်ပြမှုနှင့် ထုတ်လွှင့်မှုများကို ဖော်ဆောင်ပေးရမည်။

(င) သတင်းအချက်အလက်များကို ဖော်ပြထုတ်လွှင့်ရာတွင် ဓမ္မဓိဋ္ဌာန်ကျစွာနှင့် ဘက်လိုက်မှု ကင်းရှင်းစွာဆောင်ရွက်ရမည်။

(စ) တိုင်းရင်းသားဘာသာစကား အမျိုးအစားစုံလင်စွာဖြင့် ထုတ်ဝေမှု သို့မဟုတ် ထုတ်လုပ်မှုကို တင်ဆက်ပေးရမည်။

(ဆ) တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု စသည်ဖြင့် ကွဲပြားမှုများကို အသိအမှတ်ပြုလျက် အမျိုးသား စည်းလုံးညီညွတ်မှု အမှတ်လက္ခဏာကို ဖော်ဆောင်သည့် တင်ပြချက် သို့မဟုတ် ထုတ်လွှင့်ချက်များကို ဦးစားပေးလုပ်ဆောင်ရမည်။

(ဇ) အများပြည်သူတို့၏ အလိုဆန္ဒများနှင့်အညီ အရည်အသွေးမှီသည့် ဖျော်ဖြေမှုများကိုလည်း ဖော်ပြထုတ်လွှင့်ပေးရမည်။

(ဈ) လွှတ်တော်ကထုတ်ပြန်သည့် ဥပဒေ၊ ဆုံးဖြတ်ချက်၊ ကြေညာချက်၊ အစိုးရက ထုတ်ပြန်သည့် နည်းဥပဒေ၊ ကြေညာချက်၊ လုပ်ထုံးလုပ်နည်းများ၊ လူထုလူတန်းစားအဖွဲ့အစည်းများက ထုတ်ပြန်သည့်ကြေညာချက်များကို ဖော်ပြထုတ်လွှင့်ပေးရမည်။

(ည) ကလေးသူငယ်များအတွက် ပညာပေးခြင်း၊ သတင်းအချက်အလက်နှင့် ဖျော်ဖြေရေးအစီအစဉ် များကို တင်ဆက်ရမည်။

(ဋ) ပညာရှင်များ၏ အတွေးအခေါ်အယူအဆများ ၊ အမြင်များ ၊ စကားအခြေအနေ ဆွေးနွေးချက်များနှင့် တွေ့ဆုံမေးမြန်းချက်များကို တင်ဆက်ဖော်ပြပေးရမည်။

(ဌ) လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်ထားသော ကျင့်ဝတ်နှင့် စည်းမျဉ်းကို လိုက်နာရမည်။

## အခန်း(၄)

## စီးပွားဖြစ် မဟုတ်သည့် မီဒီယာများ

၁၁။ စီးပွားဖြစ် မဟုတ်သည့် မီဒီယာများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည့်အတိုင်း မိမိတို့၏ ယုံကြည်ချက် ၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ၊ ရေးသားဖြန့်ဝေခွင့်ရှိသည်။

(ခ) ဤဥပဒေပုဒ်မ (၂၇)ပုဒ်မခွဲ (က) ၊ (ခ)၊(ဃ)၊ (င)နှင့် (စ)ပါ ကောင်စီမှ အများပြည်သူ ဝန်ဆောင်မှု မီဒီယာသို့ ထောက်ပံ့ပေးအပ်ရမည့် အခွင့်အရေးနှင့် အကျိုးခံစားခွင့်များကို ရယူခွင့်ရှိသည်။

(ဂ) ရွေးကောက်ပွဲကော်မရှင် ပေးပို့သည့် ကြေညာချက်များမှအပ အခြားနိုင်ငံရေးဆိုင်ရာ ကြော်ငြာများကို ဖော်ပြထုတ်လွှင့်ခြင်းမပြုရ။

၁၂။ စီးပွားဖြစ် မဟုတ်သည့် မီဒီယာများသည် ပုဒ်မ ၁၁ပါ အခွင့်အရေးများမှအပ ဤဥပဒေအရ အခြားခံစားခွင့် မရှိစေရ။

## အခန်း(၅)

## အများပြည်သူ ဝန်ဆောင်မှု မီဒီယာကောင်စီ

၁၃။ ကောင်စီကို သတင်းပညာ သို့မဟုတ် ရေဒီယိုရုပ်သံထုတ်လွှင့်ခြင်းပညာ သို့မဟုတ် တီထွင်မှုပညာ သို့မဟုတ် စီးပွားရေးနှင့် ဘဏ္ဍာရေးစသည့် ကိစ္စရပ်များတွင် **အတွေ့**

FREE EXPRESSION MYANMAR လွတ်လပ်သော ထုတ်ဖော်ပြောဆိုခွင့် မြန်မာ

အကြံနှင့် ကျွမ်းကျင်မှုရှိသည့် ပညာရှင်များ ပါဝင်သော အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းရမည်။ အဆိုပါအဖွဲ့တွင် စွမ်းဆောင်ရည် ကွဲပြားခြားနားသော ပုဂ္ဂိုလ်များ လူထုအဖွဲ့အစည်းဝင်များ ၊ တိုင်းရင်းသား လူမျိုးစုဝင်များ ၊ ကျွမ်းကျင်သော ပညာရှင်များ၊ သမ္မာရင့်နိုင်ငံသားများ ၊ အမျိုးသမီးများနှင့် လူငယ်များ စသည် တို့ဖြင့် သင့်လျော်ရာ အရေအတွက် အချိုးအစား သတ်မှတ်၍ ပါဝင်စေရမည်။

၁၄။ နိုင်ငံတော်သမ္မတ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ တို့သည် ဤဥပဒေပါ သတ်မှတ်ချက်နှင့် ကိုက်ညီသော ကောင်စီဝင် (၅)ဦးစီကို ရွေးချယ်ရမည်။

၁၅။ နိုင်ငံတော်သမ္မတသည် အဆိုပါပုဂ္ဂိုလ် (၁၅)ဦးအား ကောင်စီဝင်အဖြစ် ခန့်အပ်ရမည်။

၁၆။ ကောင်စီဥက္ကဋ္ဌ၊ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ကောင်စီဝင်များက လွတ်လပ်စွာ အဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ရမည်။

၁၇။ ကောင်စီဝင်များအား ခန့်အပ်ရာတွင် ပွင့်လင်းမြင်သာမှုရှိရမည်။

၁၈။ အဆိုပြုခံရသူများ၏ အကျင့်စာရိတ္တနှင့် အရည်အချင်း တို့ကို ပြည်သူလူထုက ဝေဖန်အကြံပြုနိုင်ရန်အတွက် အမည် စာရင်းကို သတ်မှတ်ကာလ ကြိုတင်ထုတ်ပြန် ကြေညာပေး ရမည်။

၁၉။ ကောင်စီဝင်အဖြစ် ခန့်အပ်ခံရသူများသည်-

(က) နိုင်ငံ့ဝန်ထမ်း မဖြစ်စေရ။

(ခ) နိုင်ငံရေးပါတီ၏ ဝန်ထမ်း သို့မဟုတ် တရားဝင် ရာထူးဝန်ထမ်း တစ်ခု ရရှိထားသူ မဖြစ်စေရ။

(ဂ) အစိုးရအဖွဲ့အစည်းတစ်ခုခုတွင် ခန့်အပ် တာဝန်ပေးခြင်း ခံထားရသူ မဖြစ်စေရ။

(ဃ) မီဒီယာလုပ်ငန်းမှ သိသာထင်ရှားသည့် ငွေကြေးအား တိုက်ရိုက်ဖြစ်စေ ၊ သွယ်ဝိုက်၍ဖြစ်စေ၊အကျိုးအမြတ် ရရှိနေသူ သို့မဟုတ် အခကြေးငွေ ရရှိနေသူ မဖြစ်စေရ။

(င) ကြီးလေးသော ရာဇဝတ်မှု သို့မဟုတ် အကျင့်စာရိတ္တပျက်ပြားမှုနှင့် ပတ်သက်ပြီး တရားရုံးတစ်ခုခုမှ အပြစ်ပေးခြင်းခံခဲ့ရသူ မဖြစ်စေရ။

၂၀။ ကောင်စီဝင်များသည်

(က) အခန်း ၂တွင် ဖော်ပြထားသည့် အခြေခံမူများကို ဖော်ဆောင်ရာတွင် လွတ်လပ်ပြီး သမာသမတ်ကျစွာ လုပ်ဆောင်ရမည်။

(ခ) လုပ်ငန်းဆောင်ရွက်ရာတွင် ဥပဒေပြဋ္ဌာန်း ချက်နှင့်အညီ မဟုတ်သော ညွှန်ကြား ချက်များအား လက်ခံခြင်း မပြုရ။

(ဂ) အများပြည်သူ အကျိုးစီးပွားအတွက် ရပ်တည်ရမည်ဖြစ်ပြီး မိမိကိုယ်ပိုင် ၎င်းကျိုးစီးပွားအတွက်ဖြစ်စေ၊ အခြားပါတီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအတွက် ဖြစ်စေ လုပ်ပိုင်ခွင့်ကို အလွဲသုံးစား မပြုရ။

၂၁။ နိုင်ငံတော်သမ္မတသည် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့၏ သဘောတူညီချက်ဖြင့် ကောင်စီဝင်တစ်ဦးဦးအား အောက်ပါ အကြောင်းတစ်ရပ်ရပ်နှင့် ငြီစွန်းပါရှိပါက တာဝန်မှ ရပ်စဲနိုင်သည်။

(က)ပုဒ်မ ၁၉အရ ကောင်စီဝင်အဖြစ် ခန့်အပ်ရန် အရည်အချင်းပြည့်မီမှုမရှိခြင်း။

(ခ)တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း တရားရုံးတစ်ခုခုမှ ပြစ်မှု ထင်ရှားစီရင်ခံခြင်း။

(ဂ)ကောင်စီဝင် သုံးပုံနှစ်ပုံ၏ ဆုံးဖြတ်ချက်အရ တာဝန်မှ ရပ်စဲရန် ထောက်ခံတင်ပြခြင်း။

(ဃ)အကြောင်းတစ်ခုခုဖြင့် တစ်ဆက်တည်း ၄လထက်ပို၍ တာဝန် မထမ်းဆောင်နိုင် ဘဲ ပျက်ကွက်ခြင်း။

၂၃။ မည်သည့်ကောညင်စီဝင်မဆို ၎င်းသက်တမ်းမပြည့်မီ နုတ်ထွက်လိုပါက နိုင်ငံတော်သမ္မတထံ နုတ်ထွက်ခွင့် တောင်းခံနိုင်သည်။

၂၄။ ကောင်စီဝင်တစ်ဦးဦးသည် ပုဒ်မ(၂၂)နှင့် (၂၃)အရ တာဝန်မှ ရပ်စဲခြင်း သို့မဟုတ် မိမိသဘော အလျောက် နုတ်ထွက်ခြင်း သို့မဟုတ် ကွယ်လွန်ပါက ပုဒ်မ (၁၄)၊(၁၅) (၁၆)နှင့်(၁၇)ပြဋ္ဌာန်းချက်များအတိုင်း ရွေးချယ်ဖြည့်စွက်

ခန့်ထားရမည်။

၂၅။ မိမိသဘောအလျောက် နုတ်ထွက်ခြင်း သို့မဟုတ် တာဝန်မှ ရပ်စဲခံရခြင်း သို့မဟုတ် ကွယ်လွန်သော ကောင်စီဝင်များအား အစားထိုး ဖြည့်စွက်ခန့်ထားရာတွင် မူလကောင်စီဝင်၏ ရာထူးသက်တမ်းကုန်ဆုံးချိန်အထိ တာဝန် ထမ်းဆောင်ရမည်။ ကောင်စီဝင်သက်တမ်း အနည်းဆုံး (၆)လ ကျန်ရှိမှသာ ဖြည့်စွက်ခန့်ထားရမည်။

၂၆။ ကောင်စီသည်အောက်ပါအတိုင်း လုပ်ပိုင်ခွင့်ရှိသည်-

(က) နိုင်ငံတစ်ဝန်းလုံးရှိ အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းများနှင့် စီးပွားဖြစ်မဟုတ်သည့် မီဒီယာလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရန် မြှင့်တင်ဆောင်ရွက်ခြင်း။

(ခ) အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းများသည် အောက်ပါကျင့်ဝတ်များနှင့် တာဝန်များကို လိုက်နာဆောင်ရွက်မှုရှိမရှိ ကြီးကြပ်ခြင်း။

(၁) ကျင့်ဝတ်နှင့် လုပ်ငန်းဆောင်ရွက်ပုံစည်းမျဉ်းများကို လိုက်နာခြင်း။

(၂) ဤဥပဒေ အခန်း(၂)ပါ အခြေခံမူများကို လိုက်ဆောင်ရွက်ခြင်း။

(၃) ကြော်ငြာများနှင့် ကူညီပံ့ပိုးမှု လက်ခံ ရာတွင် ပုဒ်မ၆၅နှင့် ပုဒ်မ ၆၆ပါပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ခြင်း။

(၄) အွန်လိုင်းတွင် တင်ထားသည့် အစီအစဉ်နှင့်ပတ်သက်၍ တာဝန်ခံခြင်း။

(၅) စာရွက်စာတမ်းများနှင့် ပတ်သက်သည့် မော်ကွန်းတိုက် ထူထောင်ထားရှိခြင်း။

(၆) နိုင်ငံရေးကြော်ငြာများကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ညွှန်ကြားချက်နှင့်အညီ လက်ခံဆောင်ရွက်ခြင်း။

(ဂ) ကောင်စီသည် ပုဒ်မ ၁၀၀တွင် သတ်မှတ်ထားသည့် တာဝန်ဝတ္တရား တစ်ရပ်ရပ်အား အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းက ချိုးဖောက်သည်ဟု ယုံကြည်ရန် ကျိုးကြောင်းဆီလျော်သော အခြေအနေရှိလျှင် သဘောမှတ် ချက်နှင့်အညီ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့သို့အကြောင်းကြားခြင်း။

(ဃ) အထက်ပုဒ်မခွဲ(ဂ)ပါအတိုင်း အုပ်ချုပ်ရေးအဖွဲ့သို့ အကြောင်းကြားခဲ့သော်လည်း အုပ်ချုပ်ရေးအဖွဲ့သည် သုံးလကြာသည့်တိုင်အောင် အရေးယူဆောင်ရွက်မှုမရှိလျှင် ကောင်စီသည် အဆိုပါကိစ္စအား လိုအပ်သော စုံစမ်းစစ်ဆေးမှုပြု၍ သတိပေးခြင်း။ ပြစ်တင်ရှုတ်ချခြင်း၊ တာဝန်မှရပ်စဲခြင်းတို့ကို ပြုလုပ်နိုင်သည်။ ကြီးလေးသော ဖောက်ဖျက်ကျူးလွန်မှုဖြစ်ပါက တရားစွဲဆိုနိုင်သည်။

(င) အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်းနှင့် အများပြည်သူဝန်ဆောင်မှု ရေဒီယိုသံလွှင့်လုပ်ငန်းတို့၏ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့တို့နှင့် တိုင်ပင်ဆွေးနွေးကာ အခြားနည်းလမ်းဖြင့် ရရှိနိုင်မည့် ဝင်ငွေနှင့် လွန်ခဲ့သည့်နှစ်မှ ငွေကြေးဖောင်းပွမှုနှုန်းများအား စဉ်းစားပြီးနောက် ပုဒ်မ၆၄တွင် ဖော်ပြချက်အတိုင်း နိုင်ငံတော်ဘဏ္ဍာ ရန်ပုံငွေမှနှစ်စဉ်တိုက်ရိုက် ထောက်ပံ့ငွေရရှိရန် လွှတ်တော်သို့ တင်သွင်းခြင်း။

(စ) ကောင်စီအတွက် ပြည်တွင်း သို့မဟုတ် ပြည်ပမှ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုက ပေးပို့သည့် ကူညီပံ့ပိုးမှုများကို လက်ခံရယူပြီး စီမံခန့်ခွဲခြင်း။

(ဆ) အများပြည်သူဝန်ဆောင်မှုမီဒီယာ နည်းဥပဒေများ ရေးဆွဲခြင်း။

၂၇။ အများပြည်သူ ဝန်ဆောင်မှုမီဒီယာလုပ်ငန်းများ

FREE EXPRESSION MYANMAR လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ

အောင် မြင်စေရေးအတွက် ကောင်စီသည် အောက်ပါတို့ကို ကူညီ ဆောင်ရွက်ပေးရမည်။

(က) အလားအလာရှိသည့် အလှူရှင်များနှင့် ဆက်သွယ်၍ ရရှိသော ရန်ပုံငွေဖြင့် နည်းပညာဆိုင်ရာ အကူအညီပေးခြင်း။

(ခ)သင်တန်းလိုအပ်ချက်များကို အကဲဖြတ်ခြင်း၊ သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ခြင်းနှင့် သင်တန်းပေးခြင်းတို့ဖြင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း။

(ဂ) ပရိသတ်အား စစ်တမ်းကောက်ယူမှု ၊ သတင်းအချက်အလက်နည်းပညာသစ်များ၏ အများပြည်သူ ဝန်ဆောင်မှု မီဒီယာအပေါ် သက်ရောက်မှုနှင့် အခြားအကျိုးရလဒ်ရရှိစေမည့် ကိစ္စများအပေါ် သုတေသန ပြုလုပ်ခြင်း။

(ဃ) အများပြည်သူဝန်ဆောင်မှု မီဒီယာများအကြား သတင်းအချက်လက်နှင့် အစီအစဉ်များ ဖလှယ်ရန် ကူညီပံ့ပိုးပေးခြင်း။

(င) အများပြည်သူဝန်ဆောင်မှုမီဒီယာများအတွက် လိုအပ်သော ပုံနှိပ်စက်များနှင့် အခြားပစ္စည်းကိရိယာများ လျှော့ပေါ့သော နှုန်းထားဖြင့် ဝယ်ယူနိုင်ရန် အကူအညီပေးခြင်း။

(စ) အများပြည်သူဝန်ဆောင်မှုမီဒီယာ လုပ်ဆောင်ချက်များအတွက် လိုအပ်သော ထောက်ပံ့ပစ္စည်းနှင့်ကိရိယာတန်ဆာပလာများဝယ်ယူတင်သွင်းရာတွင် စည်းကြပ်ခွန်လျှော့ပေါ့ရေးအတွက်လည်းကောင်း ၊ အများပြည်သူ ဝန်ဆောင်မှုသတင်းစာနှင့် အကျိုးအမြတ်အား ရှေးရှုခြင်းမရှိသော သတင်းစာများ ဖြန့်ဖြူးရာတွင် သယ်ယူပို့ဆောင်ရေး စရိတ်သက်သာစေ ရေးအတွက်လည်းကောင်း သက်ဆိုင်ရာ အစိုးရဌာန များနှင့် ညှိနှိုင်းဆောင် ရွက်ပေးခြင်း။

(ဆ) အများပြည်သူဝန်ဆောင်မှု မီဒီယာများအား ထောက်ပံ့ငွေများ ပေးနိုင်ရေးအတွက် တိကျသည့် လုပ်ငန်းမှတ်တမ်း ထားရှိစေခြင်း။

၂၈။ ကောင်စီဝင်များသည် ကောင်စီမှ ထုတ်ပြန်ထားသော နည်းပညာဥပဒေများအရ လစာစရိတ်၊ခရီးသွားစရိတ်နှင့် နေ့ထွက်စရိတ်များကို ခံစားပိုင်ခွင့်ရှိသည်။

၂၉။ ကောင်စီသည် နည်းဥပဒေပါ သတ်မှတ်ဖွဲ့စည်းပုံနှင့်အညီ ရုံးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၃၀။ ကောင်စီသည် ရုံးအဖွဲ့အတွက် လိုအပ်သော ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများ လစာစရိတ်နှင့် ခံစားခွင့်များကို သတ်မှတ်ပေးရမည်။

## အခန်း(၆)

## အများပြည်သူဝန်ဆောင်မှု မီဒီယာအုပ်ချုပ်ရေးအဖွဲ့

၃၁။ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များသည် ပြည်သူလူထုကို ကောင်စီမှတစ်ဆင့် တာဝန်ခံရမည်။

၃၂။ အများပြည်သူ ဝန်ဆောင်မှုသတင်းစာလုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့ကို သတင်းစာပညာ သို့မဟုတ် သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာ သို့မဟုတ် ဥပဒေရေးရာ၊ စီးပွားရေး၊စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေး အပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ချက်များတွင် အတွေ့အကြုံရှိသော ကျွမ်းကျင်ပညာရှင် ၁၁ ဦးဖြင့် ဖွဲ့စည်းရမည်။ အဆိုပါအဖွဲ့တွင် စွမ်းဆောင်ရည် ကွဲပြားခြားနည်းသော ပုဂ္ဂိုလ်များ လူထုအဖွဲ့အစည်းဝင်များ၊တိုင်းရင်းသား လူမျိုးစုဝင်များ၊ ကျွမ်းကျင်သော ပညာရှင်များ၊သမ္မာရင့်နိုင်ငံသားများ၊အမျိုးသမီးများနှင့် လူငယ်များ စသည်တို့ဖြင့် သင့်လျော်ရာ အရေအတွက် အချိုးအစားသတ်မှတ်၍ ပါဝင်စေရမည်။

၃၃။ အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့ကို ရေဒီယိုရုပ်သံထုတ်လွှင့်ခြင်းပညာ သို့မဟုတ် စက်မှုအတတ်ပညာ သို့မဟုတ် စက်မှုအတတ်ပညာ သို့မဟုတ် ဥပဒေရေးရာ စီးပွားရေး စီမံခန့်ခွဲမှုနှင့် အတွေ့အကြုံရှိသော ကျွမ်းကျင်ပညာရှင် ၁၁ဦးဖြင့် ဖွဲ့စည်းရမည်။ အဆိုပါ အဖွဲ့တွင် စွမ်းဆောင်ရည် ကွဲပြားခြားနားသော ပုဂ္ဂိုလ်များ လူထုအဖွဲ့ အစည်းဝင်များ တိုင်းရင်းသားလူမျိုးများစုဝင်များ ကျွမ်းကျင် ပညာရှင်များ သမ္မာရင့်နိုင်ငံသားများ ၊ အမျိုးသမီးများနှင့် လူငယ်များစသည့်တို့ဖြင့် သင့်လျော်ရာအရေအတွက် အချိုး

FREE EXPRESSION MYANMAR လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ

အစားသတ်မှတ်၍ ပါဝင်စေရမည်။

၃၄။ အုပ်ချုပ်ရေးအဖွဲ့ဝင်များအား အောက်ဖော်ပြပါ အချက် အလက်များနှင့်အညီ ကောင်စီမှ ခန့်အပ်ရမည်-

(က) ရွေးချယ်ခန့်အပ်ရာတွင် ပွင့်လင်းမြင်သာမှု ရှိရမည်။

(ခ) အစိုးရမဟုတ်သော အဖွဲ့အစည်းများ လူမှုအဖွဲ့အစာည်းများနှင့် ပညာရှင်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုလည်း ထည့်သွင်းစဉ်းစားနိုင်သည်။

(ဂ) ပဏာမရွေးချယ်အဆိုပြုခံထားရသူများ ၏ အမည်စာရင်းကို ပြည်သူလူထုက ဝေဖန်အကြံပြုနိုင်ရန် သတ်မှတ်ကာလကြိုတင် ထုတ်ပြန်ပေးရမည်။

(ဃ) အုပ်ချုပ်ရေးအဖွဲ့ဝင် ရွေးချယ်ရာတွင် ကောင်စီဝင်များ၏ ဆန္ဒမဲသုံးပုံနှစ်ပုံဖြင့် ဆုံးဖြတ်ရမည်။

၃၅။အုပ်ချုပ်ရေးအဖွဲ့တွင် ရွေးချယ်ခန့်ထားခြင်းခံရသူသည်

(က) နိုင်ငံ့ဝန်ထမ်း မဖြစ်စေရ။

(ခ) နိုင်ငံရေးပါတီ၏ ဝန်ထမ်း သို့မဟုတ် တရားဝင် ရာထူးတာဝန်တစ်ခုခု ရယူထားသူမဖြစ်စေရ။

(ဂ) အစိုးရအဖွဲ့အစ်ည်း တစ်ခုခုတွင် ခန့်အပ်တာဝန်ပေးခြင်းခံထားရသူ မဖြစ်စေရ။

(ဃ) မီဒီယာလုပ်ငန်းမှ သိသာထင်ရှားသည့် ငွေကြေးအား တိုက်ရိုက်ဖြစ်စေ ၊ သွယ်ဝိုက်၍ဖြစ်စေ၊အကျိုးအမြတ်ရရှိနေသူသို့မဟုတ် အခကြေးငွေ ရရှိနေသူ မဖြစ်စေရ။

(င) ကြီးလေးသော ရာဇဝတ်မှု သို့မဟုတ် အကျင့်စာရိတ္တပျက်ပြားမှုနှင့် ပတ်သက်ပြီး တရားရုံးတစ်ခုမှ အပြစ်ပေးခြင်းခံခဲ့ရသူ မဖြစ်စေရ။

၃၆။ အုပ်ချုပ်ရေးအဖွဲ့ဝင်များသည်-

(က) အခန်း၂တွင် ဖော်ပြထားသည့် အခြေခံမှုများကို ဖော်ဆောင်ရာတွင် လွတ်လပ်ပြီး သမာသမတ်ကျစွာ လုပ်ဆောင်ခွင့်ရှိရမည်။

(ခ) လုပ်ငန်းဆောင်ရွက်ရာတွင် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ မဟုတ်သော ညွှန်ကြားချက်များအား လက်ခံခြင်းမပြုရ။

(ဂ) အများပြည်သူ အကျိုးစီးပွားအတွက် ရပ်တည်ရမည်ဖြစ်ပြီး မိမိကိုယ်ပိုင် အကျိုးစီးပွားအတွက်ဖြစ်စေ အခြားပါတီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအတွက် ဖြစ်စေ လုပ်ပိုင်ခွင့်အလွဲသုံးစားခြင်းမပြုရ။

၃၇။ အုပ်ချုပ်ရေးအဖွဲ့ဝင်များသည် သုံးနှစ်သက်တမ်း နှစ်ကြိမ်ထက်ပို၍ ဆောင်ရွက်ခွင့်မရှိစေရ။

၃၈။ ကောင်စီသည် အုပ်ချုပ်ရေးအဖွဲ့ဝင် တစ်ဦးဦးအား အောက်ပါအကြောင်း တစ်ရပ်ရပ်နှင့် ငြိစွန်းပါက တာဝန်မှ ရပ်စဲနိုင်သည်။

(က) ပုဒ်မ၃၅အရ အဖွဲ့ဝင်အဖြစ်ခန့်အပ်ရန် အရည်အချင်းပြည့်မီမှုမရှိခြင်း။

(ခ) တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း တရားရုံးတစ်ခုခုမှ ပြစ်မှုထင်ရှားစီရင်ခံရခြင်း။

(ဂ) ကောင်စီဝင်သုံးပုံနှစ်ပုံက တာဝန်မှ ရပ်စဲရန် သဘောတူညီခြင်း။

(ဃ) အုပ်ချုပ်ရေးအဖွဲ့ဝင်ကိုယ်တိုင် နုတ်ထွက်ခွင့် တင်ပြခြင်း။

(င) အကြောင်းတစ်ခုခုဖြင့် တစ်ဆက်တည်း သုံးလထက်ပို၍ တာဝန်မထမ်းဆောင်နိုင်ဘဲ ပျက်ကွက်ခြင်း။

၃၉။ အုပ်ချုပ်ရေးအဖွဲ့ဝင်များသည် ကောင်စီမှ ထုတ်ပြန်ထားသော နည်းဥပဒေများအရ လစာစရိတ်နှင့် နေ့ထွက်စရိတ်တို့ကို ခံစားပိုင်ခွင့်ရှိသည်။

၄၀။ အုပ်ချုပ်ရေးအဖွဲ့များသည်-

(က) အဖွဲ့တွင်း မူဝါဒများချမှတ်ခြင်း၊အခန်း(၂) တွင် ဖော်ပြထားသော အခြေခံမှုများနှင့် ကိုက်ညီမှုရှိစေခြင်း ၊ အများပြည်သူဝန်ဆောင်မှုမီဒီယာအနေဖြင့် ငွေကြေးကိစ္စများနှင့် ပတ်သက်ပြီး သမာသမက်ရှိစေခြင်း။သက်ဆိုင်ရာ အများပြည်သူဝန်ဆောင်မှုမီဒီယာ အကောင်အထည်ဖော်ရေး စီမံ

ကိန်းနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း။ အများပြည်သူ ဝန်ဆောင်မှုသတင်းစာ လုပ်ငန်းနှင့် အများပြည်သူဝန်ဆောင်မှု ရေဒီယို ရုပ်သံလွှင့်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ရာထူးအပါအဝင် အဆင့်ရာထူးများ ခန့်ထားခြင်းတို့အတွက် တာဝန်ရှိသည်။

(ခ) အခန်း(၂)တွင် ဖော်ပြထားသည့် အခြေခံမှုများကို လေးစားလိုက်နာရေးအတွက် ကြီးကြပ်ရန် တာဝန်ရှိသည်။ သို့သော် အယ်ဒီတာ လွတ်လပ်ခွင့်နှင့်အတူ အမှုဆောင်အဖွဲ့နှင့် သက်ဆိုင်ရာဝန်ထမ်းများ၏ နေ့စဉ်လုပ်ငန်းဆောင်တာများအား မထိခိုက်စေရ။

(ဂ) ဤဥပဒေနှင့် အခြားသက်ဆိုင်ရာ ဥပဒေများနှင့်အညီ လိုအပ်သော ပြဋ္ဌာန်းချက်များ၊ အယ်ဒီတာဆိုင်ရာ မူဝါဒများ လုပ်ငန်းဆိုင်ရာလမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို အမှုဆောင်အဖွဲ့နှင့် တိုင်ပင်၍ ရေးဆွဲအတည်ပြုရမည်။

(ဃ) အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်း သို့မဟုတ် အများပြည်သူ ဝန်ဆောင်မှုရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့၏ အသုံးစရိတ်နှင့် နှစ်ပတ်လည်အစီရင်ခံစာကို အမှုဆောင်အဖွဲ့နှင့် ညှိနှိုင်းပြုစု၍ ကောင်စီသို့ တင်ပြရမည်။

(င)သက်ဆိုင်ရာ အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းအတွက် ပြည်တွင်း သို့မဟုတ် ပြည်ပမှ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုက ပေးပို့သည် ကူညီပံ့ပိုးမှုများကို လက်ခံရယူပြီး စီမံခန့်ခွဲရမည်။

၄၁။ အုပ်ချုပ်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ပုံမှာ အောက် ပါအတိုင်းဖြစ်သည်–

(က)သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့သည် ၎င်းတို့၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အား ရွေးကောက်ပွဲတင်မြှောက်ရမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နိုင်ရန် လိုအပ်သော အစည်းအဝေးများနှင့် အခြားကိစ္စရပ်များအတွက် စည်းမျဉ်း၊စည်းကမ်းများ ချမှတ်ရမည်။

(ခ) ဦးဆောင်ညွှန်ကြားရေးမှူးသည် အုပ်ချုပ်ရေးအဖွဲ့၏ သီးခြားသတ်မှတ်ချက်မှတစ်ပါး မဲပေးခွင့်မရှိသည့် အဖွဲ့ဝင်အဖြစ် အစည်းအဝေး တက်ရောက်ရမည်။

(ဂ) အုပ်ချုပ်ရေးအဖွဲ့သည် အခြားနည်းပြဋ္ဌာန်းထားခြင်း မရှိလျှင် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို တက်ရောက်လာသည့် အဖွဲ့ဝင်များ၏ ဆန္ဒမဲပေါ်တွင် အခြေခံ၍ ဆုံးဖြတ်ရမည်။ ဆန္ဒမဲတူနေပါက အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၏ မဲဖြင့် ဆုံးဖြတ်ရမည်။

၄၂။ အုပ်ချုပ်ရေးအဖွဲ့များသည် အဖွဲ့စည်းပြီးသည့်နှင့် တက်ရောက်သည့် အဖွဲ့ဝင်များ၏ အနည်းဆုံး ဆန္ဒမဲ သုံးပုံနှစ်ပုံဖြင့် အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်းအတွက် ဦးဆောင်ညွှန်ကြားရေးမှူးတစ်ဦး သို့မဟုတ် အများပြည်သူဝန်ဆောင်မှုရေဒီယို ရုပ်သံလွှင့်လုပ်ငန်းအတွက် ဦးဆောင်ညွှန်ကြားရေးမှူးတစ်ဦးကို အသီးသီးရွေးချယ်ခန့်ထားရမည်။

၄၃။ အုပ်ချုပ်ရေးအဖွဲ့သည် ဦးဆောင်ညွှန်ကြားရေးမှူးအား အခန်း(၂)တွင် ဖော်ပြထားသော အခြေခံမှုများကို လေးစားမှုမရှိခြင်း၊သို့မဟုတ် အများပြည်သူ ဝန်ဆောင်မှုမီဒီယာ၏ အကျိုးစီးပွားအား မြှင့်တင်ရန်ပျက်ကွက်ခြင်း အပါအဝင် အကြောင်းပြချက်ရှိပါက အဖွဲ့ဝင်များ၏ ဆန္ဒမ အနည်းဆုံး သုံးပုံနှစ်ပုံဖြင့် တာဝန်မှ ဖယ်ရှားနိုင်သည်။

၄၄။ ဦးဆောင်ညွှနကြားရေးမှူးသည် ဤဥပဒေပုဒ်မ(၄၃) အရ ရာထူးမှ ဖယ်ရှားခံရလျှင် ကောင်စီတွင် အယူခံဝင်ခွင့်ရှိသည်။

၄၅။ ဦးဆောင်ညွှန်ကြားရေးမှူးသည် သုံးနှစ်သက်တမ်းခန့်အပ်ရမည်ဖြစ်ပြီး သက်တမ်းပြည့်ပြီးပါက ထပ်မံခန့်အပ်နိုင်သည်။ ဦးဆောင်ညွှန်ကြားရေးမှူး၏ ရာထူးသက်တမ်းကုန်ပြီးမှ နောက်ထပ်ဦးဆောင်ညွှန်ကြားရေးမှူး တစ်ယောက်အား အောင်မြင်စွာ ခန့်အပ်နိုင်ခြင်းမရှိလျှင် လက်ရှိ ဦးဆောင်ညွှန်ကြားရေးမှူးသည် ဦးဆောင်ညွှန်ကြားရေးမှူးအသစ် မခန့်အပ်နိုင်သေးမီကာလတွင် နောက်ထပ်သုံးလ တာဝန်ဆက်လပ်

FREE EXPRESSION MYANMAR လွတ်လပ်သော ထုတ်ဖော်ပြောဆိုခွင့် မြန်မာ

ထမ်းဆောင်နိုင်သည်။

၄၆။ ဦးဆောင်ညွှန်ကြားရေးမှူးသည် သက်ဆိုင်ရာ အယ်ဒီတာမူဝါဒများအား လိုက်နာပြီး အယ်ဒီတာအဖွဲ့နှင့်အတူ လုပ်ငန်း တာဝန်များကို နေ့စဉ် ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသည်။

၄၇။ ဦးဆောင်ညွှန်ကြားရေးမှူးသည် ခန့်အပ်လိုသော အဆင့်မြင့်ဝန်ထမ်းများအား သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ အုပ်ချုပ်ရေးအဖွဲ့သို့ အဆိုပြုရမည်။

၄၈။ ဦးဆောင်ညွှန်ကြားရေးမှူးသည် သတ်မှတ်ထားသော ဘဏ္ဍာလျာထားချက်နှင့်အညီ လိုအပ်သည့်တာဝန်အား ခန့်အပ်ရမည်။

၄၉။ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများသည်-

(က) လုပ်ငန်းဆောင်ရွက်ရာတွင် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ မဟုတ်သော ညွှန်ကြားချက်များအား လက်ခံခြင်းမပြုရ။

(ခ) အများပြည်သူ အကျိုးစီးပွားအတွက် ရပ်တည်ရမည်ဖြစ်ပြီး မိမိကိုယ်ပိုင် အကျိုးစီးပွားအတွက်ဖြစ်စေ၊အခြားပါတီ သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုအတွက်ဖြစ်စေ လုပ်ပိုင် ခွင့်အလွဲသုံးစားခြင်းမပြုရ။

## အခန်း(၇)

## ကျင့်ဝတ်နှင့်လုပ်ငန်းဆောင်ရွက်ပုံစည်းမျဉ်း

၅၀။ အုပ်ချုပ်ရေးအဖွဲ့သည် သက်ဆိုင်ရာ အများပြည်သူ ဝန်ဆောင်မှု မီဒီယာအတွက် ကျင့်ဝတ်၊လုပ်ငန်းဆောင်ရွက်ပုံ စည်းမျဉ်းနှင့် အခြေခံလုပ်ဆောင်မှုများကို ရေးဆွဲရန် တာဝန်ရှိသည်။ ထိုသို့ ရေးဆွဲရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး အယ်ဒီတာများ၊သတင်းထောက်များ သတင်းတင်ဆက်သူများနှင့် ပြည်သူလူထုတို့ပါဝင်စေရမည်။

၅၁။ အုပ်ချုပ်ရေးအဖွဲ့က ရေးဆွဲသည့် ကျင့်ဝတ်နှင့် လုပ်ငန်းဆောင်ရွက်ပုံ စည်းမျဉ်းများသည် သက်ဆိုင်ရာ ဥပဒေများနှင့်ကိုက်ညီရမည်။

၅၂။ အများပြည်သူ ဝန်ဆောင်မှု မီဒီယာလုပ်ငန်း ကျင့်ဝတ်နှင့်စည်းမျဉ်းတို့တွင် အောက်ဖော်ပြပါ ကိစ္စရပ်များ ပါဝင်ရမည်-

(က) မှန်ကန်တိကျမှုနှင့် တရားမျှတမှု၊

(ခ)ပုဂ္ဂလိက လွတ်လပ်ခွင့်၊အနှောင့်အယှက်ပေးမှုနှင့် လိမ်လည်လှည့်ဖြားမှု၊

(ဂ) ကလေးသူငယ်များအား ကာကွယ်မှု၊

(ဃ) လိင်မှုဆိုင်ရာ ကြမ်းတမ်းသော စကားလုံးများသုံးနှုန်းမှု၊

(င) နစ်နာသူနှင့်ပူဆွေးသောကရောက်သူများအပေါ် ဆက်ဆံမှု၊

(စ) ပြစ်မှု သို့မဟုတ်လူ့ကျင့်ဝတ် ဖောက်ဖျက်မှု၊

(ဆ) ကြော်ငြာထည့်သွင်းမှု၊

(ဇ) သတင်းအချက်အလက်အတွက် ငွေကြေးပေးကမ်းခြင်းနှင့် ကိုယ်ကျိုးစီးပွားဆိုင်ရာ ငွေကြေးပြဿနာများ၊

(ဈ) ခွဲခြားဆက်ဆံမှု၊

(ည) သတင်းပေါက်ကြားမှုနှင့် သတင်းအရင်းအမြစ်များအား ကာကွယ်မှု။

၅၃။ မည်သူမဆို ပုဒ်မ ၅၀ နှင့် ၅၂တွင် ဖော်ပြထားသည့် ကျင့်ဝတ်နှင့် လုပ်ငန်းဆောင်ရွက်ပုံ စည်းမျဉ်းချိုးဖောက်မှုများအတွက် အုပ်ချုပ်ရေးအဖွဲ့သို့ တိုင်ကြားနိုင်သည်။ အုပ်ချုပ်ရေးအဖွဲ့က တရားမျှတစွာ ဖြေရှင်းပေးရမည်။

၅၄။ ပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်အရ အဆိုပါ တိုင်ကြားချက်အား ဖြေရှင်းရန်အတွက် အုပ်ချုပ်ရေးအဖွဲ့က တိုင်ကြားမှု ဖြေရှင်းရေးလုပ်ငန်းစဉ်ကို ရေးဆွဲထားရမည်။

၅၅။ ပုဒ်မ ၅၅၃ ဖော်ပြသော လုပ်ငန်းစဉ်တွင် ဖောက်ဖျက်ကျူးလွန်ခဲ့သည့် အချက်နှင့် ပတ်သက်၍ မှားယွင်းဖော်ပြချက်အား အမှန်ပြင်ခြင်း၊တုံ့ပြန်ဖြေရှင်းခွင့်ပြုခြင်းနှင့် တောင်းပန်ခြင်းတို့ပါဝင်သော သင့်လျော်သည့် ဖြေရှင်းချက်များကို ဖော်ပြရမည်။

## အခန်း(၈)

## အများပြည်သူ ဝန်ဆောင်မှုသတင်းစာလုပ်ငန်း

၅၆။ အများပြည်သူ ဝန်ဆောင်မှုသတင်းစာသည် ပုံနှိပ်မီဒီယာသာမက အွန်လိုင်းမီဒီယာကို အသုံးပြုသော သတင်းစာဖြစ်သည်။

၅၇။ ဒေသန္တရဆိုင်ရာ အကြောင်းအရာများ၊ နိုင်ငံတော်အဆင့် သက်ဆိုင်သော ကိစ္စရပ်များနှင့် အရေးကြီး အဖြစ်

FREE EXPRESSION MYANMAR

အပျက်များ အများဆုံးပါဝင်သည့် နိုင်ငံအဆင့် သို့မဟုတ် ဒေသအဆင့် ပြည်တွင်းထုတ်လုပ်ဝေစာများအား ထုတ်ဝေရန် ကြိုးပမ်းအားထုတ်ရမည်။

၅၈။ အများပြည်သူဝန်ဆောင်မှုသတင်းစာသည် အခြားသော ထုတ်ဝေစာများ ထုတ်ဝေခြင်း အခန်း(၂)တွင် ဖော်ပြထားသည့် အခြေခံမူများနှင့်အညီ လုပ်ကိုင်နိုင်သည်။

၅၉။ အများပြည်သူဝန်ဆောင်မှု သတင်းစာသည် စီးပွားလုပ်ဆောင်သည့် ဝန်ဆောင်မှုများနှင့် အကျိုးအမြတ်များဖြင့် အများပြည်သူ ဝန်ဆောင်မှုလုပ်ငန်း လည်ပတ်ရန်အတွက် အသုံးပြုနိုင်သော်လည်း အဆိုပါစီးပွားရေးဖြစ် လုပ်ဆောင်သည့် ဝန်ဆောင်မှုများအတွက် နိုင်ငံတော် ရန်ပုံငွေမှ အသုံးမပြုရ။

## အခန်း(၉)

## အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်း

၆၀။ အများပြည်သူ ဝန်ဆောင်မှုရေဒီယို ရုပ်သံလွှင့်လုပ်ငန်းသည်–

(က) နိုင်ငံတစ်ဝန်းလုံး လွှမ်းခြုံနိုင်သည့် မြေပြင်အခြေစိုက် အခမဲ့အများပြည်သူ ဝန်ဆောင်မှု ရေဒီယိုလိုင်းနှင့်ရုပ်သံလိုင်းများကို ထုတ်လွှင့် ပေးနိုင်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့လည်း သက်ဆိုင်ရာ တိုင်းရင်းသာ ဘာသာ စကားဖြင့် ရေဒီယိုနှင့်ရုပ်သံလိုင်း ထုတ်လွှင့်ပေးနိုင်ရမည်။

(ဂ) အထက် ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)ပါ ရေဒီယိုနှင့် ရုပ်သံထုတ်လွှင့်မှုများကို ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် လှိုင်းနှုန်းများအား ရေဒီယိုရုပ်သံလွှင့်ဥပဒေနှင့်အညီ သတ်မှတ်ပေးရမည်။

၆၁။ ပုဒ်မ ၆၀တွင် သတ်မှတ်ထားသည့် ရေဒီယိုရုပ်သံ ထုတ်လွှင့်ခြင်း၊ ဂြိုလ်ထုမှ တစ်ဆင့်ထုတ်လွှင့်ခြင်း၊ ကေဘယ်သို့မဟုတ် အခြားသော နည်းပညာများအသုံးပြု၍ ထုတ်လွှင့်ခြင်းတို့ဖြင့် အများပြည်သူ ဝန်ဆောင်မှုအတွက် ထပ်တိုးလိုင်းများအား ထုတ်လွှင့်ခွင့်ရှိသည်။

၆၂။ အများပြည်သူဝန်ဆောင်မှု ရေဒီယို ရုပ်သံလွှင့်လုပ်ငန်း သည်–

(က) ရုပ်သံထုတ်လွှင့်ခြင်း၊ဗီဒီယိုထုတ်လုပ် ခြင်း သို့မဟုတ် ဖန်သားပြင်တွင် စာတန်းထိုးပြခြင်း သို့မဟုတ် အကြောင်းအရာများအား ဖြန့်ချိခြင်းတို့အပြင် အင်တာနက်မှတစ်ဆင့် ထုတ်လွှင့်ခြင်းတို့ကို အခန်း(၂)ပါ အခြေခံမူများနှင့်အညီ လုပ်ဆောင်နိုင်သည်။

(ခ) စီးပွားရေးလုပ်ဆောင်သည့် ဝန်ဆောင်မှုများမှ အကျိုးအမြတ်များဖြင့် အများပြည်သူ ဝန်ဆောင်မှုလုပ်ငန်း လည်ပတ်ရန်အတွက် အသုံးပြုနိုင်သော်လည်း အဆိုပါစီးပွားဖြစ် လုပ်ဆောင်သည့် ဝန်ဆောင်မှုများအတွက် နိုင်ငံတော်ရန်ပုံငွေမှ အသုံးမပြုရ။

၆၃။ အများပြည်သူ ဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းသည်–

(က) ထုတ်လွှင့်ပြီးသော အစီအစဉ်များ မူရင်း ရုပ်သံမှတ်တမ်းအား အနည်းဆုံး ၂၈ရက် ကြာသည်အထိ သိမ်းထားရမည်။

(ခ) အဆိုပါထုတ်လွှင့်မှုသည် အငြင်းပွားချက် သို့မဟုတ် တိုင်ကြားချက်အတွက် သက်သေခံ အထောက်အထားတစ်ခုဖြစ်လျှင် ၎င်းမူရင်းရုပ်သံမှတ်တမ်းအား အငြင်းပွားချက် သို့မဟုတ် တိုင်ကြားချက်အား ဖြေရှင်းပြီးသည်အထိ သိမ်းထားရမည်။

## အခန်း (၁၀)

## ရန်ပုံငွေ

၆၄။ အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်းနှင့် အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့သည် နိုင်ငံတော်ဘဏ္ဍာမှ တိုက်ရိုက်ထောက်ပံ့ငွေအဖြစ် အောက်ပါအတိုင်း ရခွင့်ရှိသည်။

(က) အများပြည်သူ ဝန်ဆောင်မှုသတင်းစာလုပ်ငန်း အများပြည်သူ ဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့သည် နှစ်စဉ်နိုင်ငံတော်၏ ဘဏ္ဍာရေးအရအသုံးဆိုင်ရာ ဥပ

FREE EXPRESSION MYANMAR လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ

ဒေအရ လုပ်ငန်းလိုပတ်ရန် လိုအပ်သော အသုံးစရိတ်၏ အနည်းဆုံး ၇၀ ရာခိုင်နှုန်းကို လွှတ်တော်မှ ပြဋ္ဌာန်းသည့်အတိုင်း နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ သော်လည်းကောင်း၊ အလားတူ ပမာဏရှိသော လွှတ်တော်မှ သတ်မှတ်ပေးသည့် အခွန်အခတစ်မျိုးမျိုးမှသော်လည်းကောင်း ရရှိရမည်။ အဆိုပါ နှစ်စဉ်ထောက်ပံ့ငွေအား ၎င်းတို့ထံတိုက်ရိုက်ထုတ်ပေးရမည်။

(ခ) အများပြည်သူ ဝန်ဆောင်မှုသတင်းစာလုပ်ငန်းနှင့် အများပြည်သူ ဝန်ဆောင်မှုရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့၏ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အသီးသီးက ၎င်းတို့၏ နှစ်စဉ်ဘဏ္ဍာရန်ပုံငွေမှ ခွဲဝေရရှိရေးအတွက် ကောင်စီမှတစ်ဆင့် တင်ပြရမည်။

၆၅။ အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်းလည်ပတ်ရန်အတွက် လိုအပ်သည့် ရန်ပုံငွေ ၃၀ရာခိုင်နှုန်းအား အောက်ဖော်ပြပါအတိုင်း ရှာဖွေရမည်–

(က) ပုံနှိပ်ထုတ်ဝေသော်ကြော်ငြာ၊ကြော်ငြာကဏ္ဍနှင့်ပတ်သက်၍ အောက်ပါအချက်အလက်များကို လိုက်နာရမည်။

(၁) ပုံနှိပ်စာမျက်နှာ၏ ၇၀ရာခိုင်နှုန်းကိုသတင်းနှင့်သတင်းအချက်အလက်များ ဖော်ပြရန်နှင့် ကျန်၃၀ရာခိုင်နှုန်းကိုသာ ကြော်ငြာကဏ္ဍအတွက် အသုံးပြုရမည်။

(၂) အယ်ဒီတာများသည် ကြော်ငြာရှင်များ၏ လွှမ်းမိုးမှုမခံစေရ။

(၃) ကြော်ငြာခနှုန်းထားကို အုပ်ချုပ်ရေးအဖွဲ့က အတည်ပြုသတ်မှတ်ပေးရမည်။

(ခ) ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှု။

(ဂ) သတင်းစာရောင်းချရငွေ။

(ဃ) အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းအပေါ် စွက်ဖက်မှုမရှိသော ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ လှူဒါန်းငွေ။

၆၆။ အများပြည်သူ ဝန်ဆောင်မှုရေဒီယိုရုပ်သံလွှင့်လုပ်ငန်းလည်ပတ်ရန်အတွက် လိုအပ်သည့် ရန်ပုံငွေ ၃၀ရာခိုင်နှုန်းအား အောက်ဖော်ပြပါအတိုင်း ရှာဖွေရမည်–

(က) ကြော်ငြာများ။ အောက်ဖော်ပြပါ အချက်များအား လိုက်နာပြီး ကြော်ငြာများ လက်ခံနိုင်သည်။

(၁) ကြော်ငြာပါဝင်မှုသည် တစ်နေ့တာရေဒီယိုရုပ်သံထုတ်လွှင့်မှုအချိန် စုစုပေါင်း၏ ၇ ဒသမ ၅ရာခိုင်နှုန်းထက်လည်းကောင်း သတ်မှတ်အစီအစဉ်တစ်ခု ထုတ်လွှင့်ချိန်၏ ၁၀ရာခိုင်နှုန်းထက်လည်းကောင်း ကျော်လွန်ခြင်းမရှိစေရ။

(၂) ရေဒီယိုရုပ်သံလွှင့် အစီအစဉ်များသည် ကြော်ငြာရှင်များ၏ လွှမ်းမိုးမှု မခံစေရ။

(၃) ကြော်ငြာခနှုန်းထားကို အုပ်ချုပ်ရေးအဖွဲ့က အတည်ပြုသတ်မှတ်ပေးရမည်။

(ခ) ကူညီပံ့ပိုးမှု။အောက်ဖော်ပြပါ အချက်များအား လိုက်နာပြီး ကူညီပံ့ပိုးမှုများ လက်ခံနိုင်သည်။

(၁)ကူညီပံ့ပိုးမှုယူထားသော အစီအစဉ်များအား အစီအစဉ် အစနှင့် အဆုံးပိုင်းတွင် ထိုသို့ အကူအညီရယူထားကြောင်း ရှင်းလင်းစွာ ကြေညာရမည်။

(၂) ကူညီပံ့ပိုးမှုသည် ရေဒီယိုရုပ်သံလွှင့် အစီအစဉ်နှင့်အစီအစဉ်ပါ အကြောင်းအရာများအား မည်သို့မျှ ထိခိုက်မှုမရှိစေရ။

(၃) သတင်းစာအစီအစဉ်များအတွက် ကူညီပံ့ပိုးမှုများမယူရ။

**အခန်း(၁၁)**

**တာဝန်ယူမှု**

၆၇။ အုပ်ချုပ်ရေးအဖွဲ့သည် နှစ်ဏ်အစီရင်ခံစာပြည်ထောင် စု စာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးပြီးသော စာရင်းများနှင့်အတူ အများပြည်သူအား အသိပေးရမည်။ နှစ်စဉ်အစီရင်ခံစာတွင် အောက်ဖော်ပြပါအချက်များပါဝင်ရမည်–

FREE EXPRESSION MYANMAR လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ

(က) နှစ်စဉ်ဝင်ငွေနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးချက် အကျဉ်းချုပ်။

(ခ)အများပြည်သူ ဝန်ဆောင်မှုမီဒီယာလုပ်ငန်းမှ တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်၍ဖြစ်စေ အပြည့် အဝပိုင်ဆိုင်သည့် သို့မဟုတ် တစ်စိတ်တစ်ပိုင်း ပိုင်ဆိုင်သည့် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်။

(ဂ) လာမည့်နှစ်အတွက် ရသုံးမှန်းခြေငွေစာရင်း

(ဃ) ဘဏ္ဍာရေးနှင့်စီမံခန့်ခွဲမှုနှင့်ပတ်သက် သော သတင်းအချက်အလက်များ။

(င) ပြီးခဲ့သောနှစ်အတွက် ရည်မှန်းချက်များ အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေနှင့် လာမည့်နှစ်အတွက် ရည်မှန်းချက်များ။

(စ) အများပြည်သူဝန်ဆော်မှု မီဒီယာ၏ အယ်ဒီတာဆိုင်ရာ မူဝါဒ။

(ဆ)အစီအစဉ်ရေးဆွဲထားမှုနှင့် အစီအစဉ်ပြောင်းလဲမှု။

(ဇ) အများပြည်သူ ဝန်ဆောင်မှုသတင်းစာ ထုတ်ဝေခြင်း သို့မဟုတ် အများပြည်သူ ဝန်ဆောင်မှု ရေဒီယိုရုပ်သံထုတ်လွှင့်ခြင်းနှင့် ပတ်သက်သော အကြံပြုချက်များ။

(ဈ) စာဖတ်သူ သို့မဟုတ် ပရိသတ်များထံမှ တိုင်ကြားချက်များနှင့်ပတ်သက်သော အချက်အလက်များ။

၆၈။ အုပ်ချုပ်ရေးအဖွဲ့ကသည် မိမိတို့၏ နှစ်ပတ်လည် အစီရင်ခံစာကို ကောင်စီသို့ ပေးပို့တင်ပြရမည်။ ကောင်စီသည် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ နှစ်ပတ်လည်အစီရင်ခံစာကို စုစည်း၍ မိမိတို့၏ သုံးသပ်ချက်နှင့်အတူ နိုင်ငံတော်သမ္မတနှင့် လွှတ်တော်သို့ တစ်ပြိုင်နက်တည်း အစီရင်ခံရမည်။

၆၉။ အုပ်ချုပ်ရေးအဖွဲ့သည် ဦးဆောင်ညွှန်ကြားရေးမှူး၏ လုပ်ဆောင်ချက်နှင့်ပတ်သက်ပြီး ကောင်စီထံအကဲဖြတ်ချက်နှင့် သုံးသပ်ချက်ပေးပို့ အစီရင်ခံခြင်းအား နှစ်စဉ်ပြုလုပ်ရမည်။ အဆိုပါ သုံးသပ်ချက်အား ထုတ်ပြန်ကြေညာပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေရမည်။

၇၀။(က) မည်သူမဆို အများပြည်သူ ဝန်ဆောင်မှုမီဒီယာလုပ်ငန်းအတွက် မီဒီယာလုပ်ငန်းတာဝန် ထမ်းဆောင်နေသာ အယ်ဒီတာ၊သတင်းထောက်နှင့် မီဒီယာလုပ်ငန်း လုပ်ကိုင်သူများကို နှောင့်ယှက်ခြင်း၊ဥပဒေနှင့်အညီ မဟုတ်ဘဲ အရေးယူခြင်း မပြုရ။

(ခ) မည်သူမဆို အထက်ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ငွေဒဏ် ကျပ်ငါးသိန်းအထိ ချမှတ်ခြင်းခံရမည်။

## အခန်း (၁၃)

## ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်

၇၁။ ဤဥပဒေအာဏာတည်ပြီး ကိုးလအတွင်း ကောင်စီကိုလည်းကောင်း တစ်ဆယ့်နှစ်လအတွင်း အုပ်ချုပ်ရေးအဖွဲ့ကိုလည်းကောင်း ဖွဲ့စည်းရမည်။

၇၂။ ဤဥပဒေအရ ဖွဲ့စည်းသော ကောင်စီနှင့်အုပ်ချုပ်ရေးအဖွဲ့တို့က လုပ်ငန်းလွှဲပြောင်းလက်ခံဆောင်ရွက်ခြင်းမပြုနိုင်မီ အချိန်ထိ အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်းနှင့် အများပြည်သူ ဝန်ဆောင်မှုရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့ကို ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၇၃။နိုင်ငံပိုင်သတင်းစာနှင့် ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းအား အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်းနှင့် အများပြည်သူ ဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းအဖြစ် ပြောင်းလဲဖွဲ့စည်း ရာတွင် ကူးပြောင်းတာဝန်ထမ်းဆောင်ရန် ဆန္ဒပြုသော အရာ ထမ်း၊အမှုထမ်းများအား သက်ဆိုင်ရာ အများပြည်သူ ဝန်ဆောင် မှုမီဒီယာလုပ်ငန်းများ၏ သတ်မှတ်အရည်အချင်းစံနှုန်းများနှင့် ကိုက်ညီပါက ဦးစားပေးရွေးချယ်ခန့်ထားရမည်။

၇၄။ ကူးပြောင်းရေးဆောင်ရွက်စဉ် ကူးပြောင်းတာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုသော ကြေးမုံသတင်းစာ၊မြန်မာ့အလင်းသတင်းစာနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ အရာထမ်း၊ အမှုထမ်းများအား ဝန်ကြီးဌာနအတွင်း ဆက်လက်ခန့်ထားပေးရမည်။

၇၅။ ကြေးမုံသတင်းစာ မြန်မာ့အလင်းသတင်းစာနှင့်

မြန်မာ့ အသံနှင့် ရုပ်မြင်သံကြားတို့မှ အရာထမ်း ၊ အမှုထမ်းများသည် ဤဥပဒေအရ အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်း အတွက် ခန့်အပ်ခြင်းခံရပါက အစိုးရဝန်ထမ်းအဖြစ်မှ ရပ်စဲခြင်း ခံရမည်။ သို့ရာတွင် ၎င်းတို့၏ အစိုးရဝန်ထမ်းအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည့် လုပ်သက်အပေါ်မူတည်ပြီး လျော်ကြေး ပင်စင် သို့မဟုတ် အငြိမ်းစားပင်စင်လစာကို သက်ဆိုင်ရာ ဥပဒေနှင့်အညီ ခံစားခွင့်ရှိသည်။

၇၆။ အုပ်ချုပ်ရေးအဖွဲ့သည် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညှိနှိုင်း၍ ဝန်ထမ်းစွမ်းဆောင်ရည်မြင့်မားရေးနှင့် ထုတ်လုပ်မှု တိုးတက်စေရေးအတွက် လုပ်ငန်းတစ်ခုချင်း၏ အကျိုးအမြတ် အပေါ်မူတည်လျက် ဝန်ထမ်းများအား ဆုကြေးငွေများ ချီးမြှင့်နိုင်သည်။

**အခန်း(၁၄)**

**အထွေထွေ**

၇၇။ အများပြည်သူဝန်ဆောင်မှုသတင်းစာလုပ်ငန်းနှင့် အများပြည်သူဝန်ဆောင်မှုရေဒီယိုရုပ်သံလွှင့်လုပ်ငန်းတို့သည်-

(က)အွန်လိုင်းဝန်ဆောင်မှုကို ပေးနိုင်သည်။

(ခ)အွန်လိုင်းတွင် တင်ထားသည့်အစီအစဉ်များ အတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသော အခွင့်အရေး လွတ်လပ်ခွင့်နှင့် တာဝန်ယူမှု တို့ရှိရမည်။

(ဂ) သက်ဆိုင်ရာ မော်ကွန်းတစ်ခုစီ တည်ထောင်ရမည်။

(ဃ) မော်ကွန်းတိုက်ရှိ အချက်အလက်များကို အန်လိုင်းပေါ်တွင် ရရှိနိုင်အောင် ကြိုးစားဆောင်ရွက်ရမည်။

၇၈။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ကြေညာထားသည့် စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့် အညီမဟုတ်ဘဲ အများပြည်သူဝန်ဆောင်မှု သတင်းစာလုပ်ငန်း၊ အများပြည်သူဝန်ဆောင်မှုရေဒီယိုရုပ်သံလွှင့်လုပ်ငန်းနှင့် စီးပွားဖြစ်မဟုတ်သည့် မီဒီယာများသည် မည်သည့်နိုင်ငံရေးပါတီမှ ရွေးကောက်ခံမည့် ကိုယ်စားလှယ်လောင်းအတွက် ကြော်ငြာများ ထည့်သွင်းခြင်းမပြုရ။

၇၉။ ကောင်စီသည် လိုအပ်သော နည်းဥပဒေများ ၊ အမိန့်ကြော်ငြာစာ၊အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ကောင်စီဝင်အများစု၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။